# အင်းလေးဝါကျွတ်ပွဲ

ရန်အောင်

တော်သလင်းလပြည့်ကျော် ၃ ရက်(၂၉-၉-၆၉)နေ့တွင် အင်းလေးသကြားစက်ရှိရာ မိုင်းသောက်ရွာမှ လှည်းဖြင့် ကျွန်တော် ထွက်ခွာခဲ့၏။

လှည်းမစီးရသည်ကား နှစ်ပရိစ္ဆေဒ ကြာမြင့်ခဲ့လှလေပြီ။ ကျွန်တော် အသက် ၂၀ ကျော်အရွယ်တွင် ရန်ကုန်သို့ရောက်လာခဲ့ရာ ရန်ကုန်တွင် နေရသည်မှာ အနှစ် ၄၀ ကျော်ပေပြီ။ ယင်းသည့်အနှစ် ၄၀ ကျော်ကာလ ပတ်လုံး လှည်းစီးရသည်ဟု မရှိခဲ့။

ယခုအသက် ၆၅ နှစ်တွင်မှ လှည်းစီးရသည်။ လှည်းစီးရင်း ကျွန်တော် ငယ်စဉ် ဆင်ပေါင်ဝဲတွင် နေစဉ်က တောရွာများသို့ လှည်းဖြင့် လှည့်လည်ကာ ဈေးရောင်းခဲ့ရသည်များကို ပြန်လည်သတိရ၏။

မော်တော်ကားကိုသာ စီးနေရသည်မှာ ကြာပြီဖြစ်သောကြောင့် လှည်းစီးရသည်မှာ နှေးကွေးလေးကန်လှသည်ဟု ထင်၏။ လမ်းကလည်း အတန်ကြမ်းသဖြင့် လှည်းဆောင့်တိုင်း အောင့်သည်းအောင့်သက်နိုင်လှသည်။ လှည်းပေါ် မှဆင်းကာ ကုန်းကြောင်းလျှောက်သွားချင်စိတ်ပင် ပေါ် လာ၏။

သို့သော် နာရီဝက်ခန့် ကြာသောအခါတွင်ကား နေသားထိုင်သားကျသွားသည်။ လှည်းဆောင့်သည်ကို မ မှုတော့။ ထိုအခါတွင် လှည်းမောင်းသူ အင်းသားကြီးကို ဂရုစိုက် ကြည့်ရှုနိုင်ပေပြီ။

လှည်းရှန်းသည့်နွားတို့ သုတ်သုတ်မှန်မှန်သွားရန် တဟေးဟေး တဟဲဟဲ အဆက်မပြတ် အော်ဟစ်မောင်းနှင်နေရ၏။ လိုရာသို့ တည့်တည့်မတ်မတ် သွားရန် နွားကြိုးကို တင်းတန်တင်း၊ လျှော့တန်လျှော့ လုပ်ပေးနေရ၏။ နွားနှင်တံဖြင့်လည်း တို့ကာ ရိုက်ကာ ထိုးကာ နှက်ကာ ပြုရသည်။ လှည်းမောင်းခြင်းသည် စိတ်ရောလက်ပါ ပါး စပ်ပါမကျန် မနားမနေ အလုပ်လုပ်နေရသည့်လုပ်ငန်းပါတကားဟု တွေးမိသည်။ နွားများကို စိတ်တိုင်းမကျလျှင် လှည်းမောင်းသူသည် ထိုင်ရာမှထကာ ခပ်နာနာ ရိုက်နှက်မောင်းနှင်ရပြန်သည်။

လှည်းနှင့်လှည်းမောင်းသူကို အာရုံစူးစိုက်နေရာမှ လမ်းဘေးဝဲယာသို့ မျက်စိရောက်သွား၏။ ရောဝတီမြစ်ဝကျွန်းပေါ် အရပ်တွင် ဘယ်ကိုဘဲကြည့်ကြည့် စပါးပင်များကို မြင်ရသလို ယခုမူကား ဝဲယာပတ်ဝန်းကျင်တခွင်တပြင်လုံးတွင် ကြံပင်တို့ကိုသာ မြင်ရသည်။ ကြံပင်တို့သည် လက်ခုပ်တစ်ဖောင် သာသာကြီးမြင့်ကြလျက် ထူထပ်သိပ်သည်းစွာ ပေါက်နေကြ၏။

မကြာမီဖြစ်သော နိုဝင်ဘာလတွင် မိုင်းသောက်သကြားစက် လည်တော့မည်ဖြစ်ရာ သကြားစက်သို့ရောင်းချရန်အတွက် ကြံအမြောက်အများ စိုက်ပျိုးကြခြင်း ဖြစ်သည်။ အင်းလေးဒေသတွင် ရှေးကလည်း ကြံအများအပြား စိုက်ပျိုးကြလျက် ကြံသကာ လုပ်ကြရာ ကြံသကာဈေး မကိုက်သဖြင့် ကြံတောင်သူများ နစ်နာကြ၏။ ထို့ကြောင့် ကြံတောင်သူများ အကျိုးရှိစေရန် တော်လှန်ရေးအစိုးရခေတ်တွင်မှ အင်းလေးသကြားစက်တည်ထောင်ဖွင့်လှစ်ပေးခြင်း ဖြစ်သည်။

ယခုအခါတွင်ကား ကြံတောင်သူတို့သည် သကြားစက်သို့လည်း ကြံရောင်းနိုင်၏။ ကြံသကာလည်း ချက်နိုင်ကြ၏။ သကြားစက်မရှိမီက ထွက်လေသမျှ ကြံတို့ကို ကြံသကာချည်း ချက်ရလေရာ ကြံသကာထွက်အားကြီးသဖြင့် ဈေးကျ၏။ ယခုမူကား ကြံသကာဈေးကောင်း၍ လာလေသည်။

တမျှော်တခေါ် မျက်စေ့တဆုံး တည်နေကြသည့်ကြံခင်းကြီးများကို ကြည့်ရင်းက လမ်းဘေးဝဲယာနီးပါးကို ကြည့်မိပြန်သည်။ အလေ့ကျပေါက်နေကြသည့်တောပန်းတောင်ပန်းတို့ကား အရောင်အဆင်းအမျိုးမျိုး၊ ပုံသဏ္ဌာန်အထွေထွေဖြင့် တင့်တယ်လှပပေသည်။ ဖြူ၊ နီ၊ ပြာ၊ ဝါ၊ ပန်းရောင်၊ ခရမ်းရောင် အရောင်မျိုးစုံလှသည့်ပြင် တစ်ပွင့်ချင်းရင်း၊ အခိုင်လိုက်ငင်း၊ ကြီးကြီးတစ်သွယ်၊ ငယ်ငယ်တစ်မျိုးဖြင့် ရှု၍မဝနိုင်အောင်ဖြစ်ပေသည်။

မိုင်းသောက်မှ နံနက် ၁၀ နာရီခန့်တွင် ထွက်ခဲ့ရာ ၅ မိုင်မျှဝေးသော သလဲဦးရွာသို့ မွန်းတည့်ချိန်လောက်တွင် ရောက်လာ၏။ ကျွန်တော် တည်းခိုနေထိုင်မည့်ခွဲခြမ်းတောင်ကုန်းပေါ် သို့ လှည်းမောင်းနှင်ခဲ့ရာ ဘုန်းတော်ကြီးကျောင်းရှေ့တွင် လှည်းရပ်လိုက်သည်နှင့်တပြိုင်နက် ကိုရင်ကလေးနှင့်ကျောင်းသားကလေးများသာမက

ebook is created by www.ShanYoma.Org

တပ်မတော်မှ ရဲဘော်များပါ ကျွန်တော့်ပစ္စည်းများကို သည်ပိုးကြသည်။

အင်းလေးအရှေ့ဘက်ကမ်းဖြစ်သော သလဲဦးနှင့်ပါန္နေးရွာများတွင် ပြည်သူ့စစ်သင်တန်း ဖွင့်လှစ်သင်ကြားနေသည့်အချိန်ဖြစ်သဖြင့် ရဲဘော်များ ရောက်နေကြခြင်း ဖြစ်၏။

ကျွန်တော်ကား ခွဲခြမ်းကျောင်းအနီးရှိ လုံခြုံသောသုံပ်မိုးဇရပ်တစ်ဆောင်တွင် အေးအေးလူလူ နေထိုင်ရကာ စာရေးစာဖတ်အလုပ်ကို စိတ်တိုင်းကျ လုပ်ရ၏။

နံနက် ၇ နာရီခန့်တွင် ဘုန်းတော်ကြီးများ နံနက်ဆွမ်း ဘုဉ်းပေး၍ ပြီးပြီဖြစ်သဖြင့် ကျောင်းသားများနှင့်အတူ ကျွန်တော် နံနက်စာ စားရသည်။ ၁၂ နာရီခန့်တွင် နေ့လည်စာ စားရ၏။ ညနေ ၆ နာရီတွင် ညစာ စားရသည်။ ဘုန်းတော်ကြီးကျောင်းသို့ ပို့လှူကြသည့်ဆွမ်းဟင်းများ ဖြစ်သဖြင့် ကောင်းနိုးရာရာများပါ၏။ ဟင်းမယ်လည်း စုံလှသည်။

ငဖိန်း၊ ငလူး၊ ငရံ့၊ ငသဖွဲ့ စသည့်အင်းလေးကန်ထွက် ငါးများမှာ အရသာရှိလှ၏။ ရွှေဖရုံသီး၊ အာလူး၊ ခရမ်းချဉ် စသည်တို့ကား အင်းသားတို့ခြံထွက်သီးနှံများ ဖြစ်သည်။ ရှမ်းများကဲ့သို့ပင် အင်းသားများသည် ပဲပုပ်ကို နှစ်သက်ကြ၏။ အင်းသားတို့၏ လက်စွဲဟင်းကျော်ကား ဆေးခါးဟင်း ဖြစ်သည်။ ဆေးခါးဟင်းမှာ မွှေးမွှေးသက်သက်ဖြစ်၍ အရသာတစ်မျိုးရှိသည့်ပြင် အဖျားအနာကို ကွယ်ကာသည့်ဆေးလည်း ဖြစ်ပေသည်။

အစားအသောက်သာလျှင် ကောင်းသည်မဟုတ်၊ ရေမိုးလည်း ကောင်းလှ၏။ သလဲဦးရွာများ၏ အရှေ့ဖက်ရှိ တောင်တန်းမှ စမ်းရေများသည် တသွင်သွင် စီးဆင်းလျက်ရှိရာ ထိုစမ်းရေတို့ကိုပင် မြောင်းသွယ်ဖောက်လျက် လယ်ယာများ စိုက်ပျိုးကြ၏။ သောက်ရေသုံးရေ ရကြ၏။ ကြံရည်ကြိတ်စက်ပင် ဤရေအားဖြင့် တည်ကြသည်။

ကျွန်တော် နေထိုင်သည့်ခွဲခြမ်းကျောင်းတွင်မူကား စမ်းရေအုတ်ကန်ကြီးဖြင့် လှောင်ကာ ပိုက်များ သွယ်တန်းအသုံးပြု၏။ တစ်နှစ်ပတ်လုံး အချိန်မရွေး ရေရနေလေသည်။

သီတင်းကျွတ်လဆန်းပြီဆိုလျှင် အနီးအနားရှိ ရွာများမှ ထင်းများကို လှည်းများဖြင့် တင်ယူလာကြကာ ခွဲခြမ်းကျောင်းဝိုင်းအတွင်းတွင် စီဖြန့်နေလှန်းထားကြသည်။ ဆောင်းရာသီရောက်လျှင် ရဟန်းတော်များ မီးလှုံရန်နှင့်ရေနွေးအိုးတည်ရန် ဖြစ်သည်။

ခွဲခြမ်းကျောင်းနှင့်ခွဲခြမ်းမွေတော်ဘုရားသည် ခွဲခြမ်းတောင်ကုန်းပေါ်တွင် ရှိရာ ခွဲခြမ်းတောင်ကုန်းဟူသောအမည် ဖြစ်ပေါ်လာခြင်းမှာလည်း သမိုင်းနှင့်ဖြစ်၏။

အလောင်းစည်သူမင်းကြီးသည် ဖောင်တော်ဖြင့် အင်းလေးဒေသသို့ လှည့်လည်တော်မူခဲ့ရာ ဖောင်တော်သားတစ်ယောက်မှာ ကျား–မလိင်နှစ်မျိုး ဖြစ်နေမှုကြောင့် အခြားသူများနှင့် ခွဲခြမ်းကာ တောင်ကုန်းတစ်ခုပေါ်တွင် ထားသဖြင့် ခွဲခြမ်းတောင်ကုန်းအမည်တွင်ခဲ့သည်ဟူသတတ်။

သီတင်းကျွတ်လဆန်း ၁ ရက်နေ့သည်ကား အင်းလေးဒေသရှိ လူအပေါင်းတို့သာလျှင်မက ရှမ်းပြည်တဝှန်းလုံးရှိ လူအများပင် စိတ်ဝင်စားကြသောနေ့တည်း။

အင်းလေးဖောင်တော်ဦး ရုပ်ပွားတော်မြတ်များသည် ကြီးမားခမ်းနားလှသော ကရဝိတ်ဖောင်တော်ကြီးဖြင့် အင်းလေးအတွင်း ဒေသစာရီ လှည့်လည်ကာ မြို့စဉ်ရွာစဉ်တစ်လျှောက် ကျိန်းစက်လျက် အပူဇော်ခံတော်မူသည်။

သီတင်းကျွတ်လဆန်း ၁ ရက်နေ့မှစ၍ ဖောင်တော်ဦးဘုရား ဒေသစာရီလှည့်လည်တော်မူသည့်မြို့ ရွာများမှာ အင်းတိမ်၊ ရွှာမ၊ ငါးဖယ်ချောင်း၊ ကြေးစားကုန်း၊ ပွဲစားကုန်း၊ လင်းကင်း၊ ညောင်ရွှေ၊ နမ့်သဲ၊ မိုင်းသောက်၊ သလဲဦး၊ ကေလာ၊ ဇရပ်ကြီး၊ ဘုရားပေါက်၊ နမ့်ပန်၊ မန်ကျည်းဆိပ်၊ ကျိုင်းခမ်း၊ မိုင်းပျို၊ နောင်တော်၊ အင်းပေါခုံ၊ ရွာကြီးရေသာတို့ဖြစ်လျက် သီတင်းကျွတ်လဆုတ် ၃ ရက်နေ့တွင်မှ ကျောင်းတော်သို့ပြန်လည်ရောက်

ebook is created by www.ShanYoma.Org

ရှိသည်။

အင်းလေးတစ်ဝိုက်ရှိ အထက်ပါမြို့ရွာတို့၏ အမည်ကို ကြည့်လျှင် မြန်မာအမည်များလျက် ရှမ်းအမည် အချို့လည်း ပါဝင်နေပေရာ ရှေးအခါက အင်းလေးဒေသတွင် ရှမ်းအမျိုးသားများလည်း နေထိုင်ကြကြောင်း သိနိုင်၏။ ယနေ့မူကား ရှမ်းအမျိုးသားတို့ နည်းပါးလျက် အင်းသားတို့သာ အနေများကြသည်။

သီတင်းကျွတ်လဆန်း ၁၁ ရက်နေ့ နံနက်စောစောတွင် သလဲဦးရွာ ခြောက်ရွာဖြစ်သော အလယ်မြောင်းရွာ၊ ကုန်းခြံအထက်ရွာ၊ ကုန်းခြံအောက်ရွာ၊ သစ်ဆိမ့်ပင်ရွာ၊ အင်းရွာ၊ ကုန်းရွာမှ ရွာသူရွာသားများ လှုပ်လှုပ်ရှားရှား ဖြစ်လာကြသည်။

ယမန်နေ့ညက မိုင်းသောက်တွင် ကျိန်းစက်တော်မူသည့်ဖောင်တော်ဦးရုပ်ပွားတော်မြတ်များကို ပင့်ဆောင်ရန် မော်တော်များဖြင့် သွားကြ၏။ နံနက်ရှစ်နာရီခန့်တွင် ရုပ်ပွားတော်မြတ်များ သီတင်းသုံးရာ ဖောင်တော်ကြီးကို သလဲဦးရွာသားတို့ ပင့်ဆောင်လာကြသည်။ ဖောင်တော်၏ရှေ့မှ လှော်လှေအများအပြား စီတန်းဆွဲယူပင့်ဆောင်လာကြခြင်း ဖြစ်သည်။

လှော်လှေတစ်စီးတွင် လှော်သား ငါးဆယ်ပါသည်လည်း ရှိ၏။ ခြောက်ဆယ်ပါသည်လည်း ရှိ၏။ တစ်ရာပါသည်ပင် ရှိသည်။ ကမ္ဘာ့အံ့ဖွယ်တစ်ရပ်အဖြစ် သွတ်သွင်းထိုက်လှအောင်ပင် အထူးခြားဆုံးမှာကား ခြေဖြင့် လှော်ခတ်ကြခြင်း ဖြစ်သည်။ အချက်ကျကျ ခြေညီတက်ညီ လှော်ကြ၏။ အချို့လှေတွင် အတီးအမှုတ် ပါ၏။ ထိုအတီးအမှုတ်ဖြင့် စည်းချက်ကျကျ လှော်ကြသည်။

ဖောင်တော်ကြီးကား ရွှေရောင်တဖိတ်ဖိတ် တောက်ပသည့်ပြာသာဒ်တို့ဖြင့် အံ့ဘနန်း တင့်တယ်လှပါပေသည်။ ဖောင်တော်ပေါ်တွင် ရုပ်ပွားတော်မြတ်များကို စောင့်ရှောက်လိုက်ပါလာကြသည့်ရဟန်းတော်များ၊ ဂေါပကပုဂ္ဂိုလ်များ ပါလာကြ၏။ ဖောင်တော်၏နောက်ဆွယ် ဖောင်ငယ်ပေါ်တွင်လည်း ဂေါပကလူကြီးများပင်။ နောက်ဆုံးလှေပေါ်တွင် ဓမ္မစကြာဝတ်သင်းသူကလေးများက ရွတ်ဖတ်သီဆိုကာ လိုက်ပါကြသည်။ အခြားကြိုဆိုသူ၊ ဖူးမျှော်သူတို့မှာကား ဖောင်တော်(ပွဲချိတ်စက်တပ်လှေ)များဖြင့် ရေပြင်ပြည့်မျှ များပြားလှပေသည်။

ကြည်နူးစရာလည်း ကောင်း၏။ လွမ်းစရာလည်း ကောင်း၏။ ပျော်စရာလည်း ကောင်း၏။ ဗုဒ္ဓဘာသာလူမျိုးတို့ ပြုမြဲအစဉ်အလာတည်း။

ဖောင်တော်သည် သလဲဦးရွာအင်းရွာဆီသို့ ရှေ့ရှုကြွချီလာသည်။ အင်းရွာဘုန်းတော်ကြီးကျောင်းပေါ်တွင်ရင်း၊ ကျောင်းဝင်းကြီးအတွင်းတွင်ရင်း ရဟန်းတော်များ၊ လူပရိသတ်များ ကြိတ်ကြိတ်တိုးမျှ စည်းကားလှစွာ ဖောင်တော်ကို ငံ့မျှော်နေကြသည်။

ကြွလာပေပြီ။ ဖောင်တော်သည် အင်းမကြီးမှ ရေလက်ကြားငယ်အတွင်းသို့ ဝင်လာပြီးနောက် သလဲဦး အင်းရွာ ဘုန်းတော်ကြီးကျောင်းဆိပ်တွင် ဆိုက်ကပ်သည်။

ဂေါပကပုဂ္ဂိုလ်ကြီးများက ရုပ်ပွားတော်မြတ်လေးဆူကို အစီအစဉ် ကျနစွာ ပင့်ဆောင်ကြရ၏။ ရှေ့ဦး ပင့်ရမည့်ရုပ်ပွားတော်၊ နောက်မှ အစဉ်အတိုင်း ပင့်ဆောင်ရမည့်ရုပ်ပွားတော်ဟူ၍ ရှိရာ ထုံးတမ်းစဉ်လာရှိသည့် အတိုင်း ပင့်ဆောင်ကြရသည်။ ရုပ်ပွားတော်မြတ်လေးဆူသည် ဘုန်းတော်ကြီးကျောင်းပေါ် ရှိ စံကျောင်းဆောင်ထက်တွင် သီတင်းသုံးမိကြလေပြီ။

ရှမ်းပြည်ရှိ ဘုန်းတော်ကြီးကျောင်းတိုင်းပင် ကျယ်ဝန်းခမ်းနားလှ၏။ ရန်ကုန်မြို့ ဗဟန်းရပ်တွင် တိုင်တစ်ရာကျောင်းဟူ၍ အထူးအဆန်း တအံ့တသြ ခေါ် ဝေါ်ကြရ၏။ ရှမ်းပြည်ရှိ ဘုန်းတော်ကြီးကျောင်းများကား တိုင်တစ်ရာကျော်သည့်ကျောင်းချည်းလိုလိုပင်တည်း။

သလဲဦး အင်းရွာရှိကျောင်းမှာလည်း တိုင်ပေါင်းတစ်ရာကျော်သည့်ကျောင်းကြီးပင် ဖြစ်ရာ ကျောင်းပေါ်တွင် ဘုရားဖူးပရိသတ်တို့ ပြည့်လျှံနေသည့်အပြင် ကျောင်းဝင်းကြီး အတွင်းမှာလည်း လူတွေ ကြိတ်ကြိတ်တိုးစည်

ebook is created by www.ShanYoma.Org

ကားလှသည်။

ဖောင်တော်ဦးဘုရားလေးဆူမှာ မှန်စီရွှေချပလ္လင်ကြီးပေါ်တွင် လျှပ်စစ်ဓာတ်မီးရောင်များဖြင့် ဝင်းထိန်တောက်ပနေတော်မူ၏။ ရွှေတွေ အထပ်ထပ် အခါခါ ချထားမှုကြောင့် မျက်နှာတော်ရော ကိုယ်တော်ပါ ပိန်းပိတ်၍နေရာ မျက်နှာတော်၏ ပုံသွင် မပေါ်တော့ချေ။ ရွှေတုံးကြီးများနှင့်သာ တူနေတော့၏။

ယင်းသို့ မျက်နှာတော်၏ ပုံသဏ္ဌာန် မပေါ်ခြင်းအတွက် အဓိပ္ပါယ်တစ်မျိုး ရှိလာ၏။ ဘုရားဖူးသူများသည် ဘုရား၏ ပုံပန်းသဏ္ဌာန်တော်ကို မှန်းဆရည်ရွယ်ကာ ဖူးမျှော်နိုင်ကြ၏။ စိတ်ဖြင့် ရုပ်လုံးဖော်နိုင်ကြ၏။ အာရုံဖြင့် ကြည်ညိုပူဇော်နိုင်၏။ တစ်နည်းဆိုလျှင် ဖူးမျှော်သူများ စိတ်ကူးမှန်းဆကာ မိမိတို့ကြည်ညိုသည့်အသွင်သဏ္ဌာန်မျိုး ပေါ်လာရမည် ဖြစ်ပေသတည်း။ ဤသည်မှာလည်း ဖောင်တော်ဦးဘုရားတို့၏ ထူးခြားချက်ပင် ဖြစ်သည်ဟု ဆိုရပေမည်။

ဖောင်တော်ဦးရုပ်ပွားတော်မြတ် ခေတ္တသီတင်းသုံးရာ သလဲဦးအင်းရွာ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းမှာ မုန့်ပဲသွားရည်စာသည်များ၊ တိုဟူးကြော်၊ ဝက်ထမင်းချဉ်၊ အမဲထမင်းချဉ်၊ ငါးထမင်းနယ်ရောင်းသူများ၊ အသုံးအဆောင် ကုန်သေးကုန်နုပ် ရောင်းသူများ များပြားလှပေရာ ဝယ်ခြမ်းစားသောက်ကြသူများမှာလည်း ကြိတ်ကြိတ်တိုးမျှ စည်ကားလှပေသည်။

ဖောင်တော်ဦးဘုရားမှာ ငါးဆူ ဖြစ်၏။ လွန်ခဲ့သည့်နှစ်ပေါင်းများစွာက ငါးဆူစလုံးပင် ဒေသစာရီလှည့်လည်ရာတွင် တစ်ဆူသောဘုရားမှာ လင်းကင်းနှင့်ညောင်ရွှေအကြားတွင် ရေထဲသို့ ကျသွားတော်မူသည်။ လူအပေါင်းတို့သည် ရေတွင် ငုပ်၍ ရှာဖွေကြ၏။ မည်ကဲ့သို့ပင် ရှာဖွေသည့်တိုင်အောင် မတွေ့ရလေသောကြောင့် လက်လျှော့ကြရသည်။ ထိုဘုရားမှာ အလိုအလျောက်ပင် မူလစံကျောင်းတော်သို့ ပြန်လည်ရောက်ရှိနေ၏။

ထို့ကြောင့် နောက်နောက်သောနှစ်များတွင်ကား ထိုဘုရားကို မပင့်ဆောင်တော့ဘဲ စံကျောင်းတော်တွင်ပင် ထားကာ ကျန်ဘုရားလေးဆူကိုသာ ပင့်ဆောင်လှည့်လည်ကြသည်။

လွန်ခဲ့သည့်လေးနှစ်ခန့်ကလည်း သလဲဦးနှင့်ငါးဖယ်ချောင်းအကူးတွင် လေပြင်းတိုက်ခိုက်သဖြင့် ဖောင်တော်နစ်ခဲ့ဖူးသည်။ ထိုနေရာတွင် မှတ်တိုင်ပြုကာ ဟင်္သာရုပ်တင်လျက် အထိမ်းအမှတ်အဖြစ် ထားသည်ကိုတွေ့ရပေသည်။

ဖောင်တော်ဦးဘုရားတစ်ဆူရေထဲသို့ကျကာမူလစံကျောင်းတော်သို့အလိုအလျောက်ပြန်ရောက်နေခြင်းနှင့်လွန်ခဲ့သည့်လေးနှစ်က လေပြင်းမိသဖြင့် ဖောင်တော်နစ်ရခြင်းတို့ကို ဆင်ခြင်ဝေဖန်ကြည့်ပါမူ ဝါတွင်းကာလတွင် ဘုရားများ ဒေသစာရီလှည့်လည်ရခြင်းကို စဉ်းစားဖွယ် ဖြစ်လာ၏။

ဝါတွင်းကာလတွင် ဘုရားရဟန္တာနှင့်သံဃာတော်များ ခရီးလှည့်လည်ရိုး အစဉ်အလာ မရှိပေ။ ယင်းသို့ ဘုရားရဟန္တာတို့ ခရီးမလှည့်ရသည့်အချိန်တွင် ဖောင်တော်ဦးဘုရားများကို ပင့်ဆောင်လေသောကြောင့် ဘုရားတစ်ဆူသည် ရေထဲသို့ကျလေသလောဟု တွေးထင်ဖွယ်ရှိ၏။

ထို့ပြင် ဝါတွင်းကာလမှာ ရှမ်းပြည်၌ လေမိုးပြင်းထန်ဆဲပင် ဖြစ်၏။ ထို့ကြောင့် လွန်ခဲ့သည့်လေးနှစ်က ဖောင်တော်နစ်ရပြန်ခြင်း ဖြစ်သည်။

ထို့ကြောင့် ဘုရားရဟန္တာနှင့်သံဃာတော်မြတ်များ ဒေသစာရီလှည့်လည်သွားလာခြင်းမပြုသည့်ဝါတွင်းကာလနှင့်လည်း လွတ်ကင်းအောင် လေမိုးလည်း ကင်းလွတ်အောင် သီတင်းကျွတ်လဆုတ် ၁ ရက်နေ့မှစတင်ကာ ဖောင်တော်ဦးဘုရားများ ဒေသစာရီ လှည့်လည်သင့်သည် ထင်ပါသည်။

ထို့ပြင် မြတ်စွာဘုရားသခင်သည် ဝါတွင်းသုံးလပတ်လုံး တာဝတိံသာနတ်ပြည်၌ အဘိဓမ္မာတရားဟောကြားပြီးနောက် သီတင်းကျွတ်လဆုတ် ၁ ရက်နေ့တွင် လူ့ပြည်သို့ဆင်းသက်တော်မူသော ရှေးထုံးအစဉ်အလာစကားအတိုင်း ယင်းသည့်ဘုရားသခင်နတ်ပြည်မှ လူ့ပြည်သို့ သက်ဆင်းသည့်ရက်တွင်ပင် ဖောင်တော်ဦးဘုရား

ebook is created by www.ShanYoma.Org

စတင်လှည့်လည်ပါက ပို၍ လျော်ကန်သင့်မြတ်လိမ့်မည် ထင်မိပါသတည်း။

××××××××××××

ဖောင်တော်ဦးဘုရားသည် သီတင်းကျွတ်လဆန်း ၁၂ ရက်နေ့ နံနက်တွင် သလဲဦးအင်းရွာမှ ကေလာရွာသို့ ဒေသစာရီ လှည့်လည်တော်မူသွားရာ သလဲဦးခြောက်ရွာမှ ရွာသူရွာသားတို့မှာ ဝမ်းနည်းတသကျန်ရစ်ခဲ့ကြ၏။

သီတင်းကျွတ်လဆန်း ၁၃ ရက်နေ့တွင်ကား သလဲဦးကုန်းခြံအထက်ရွာမှ ရွာသူရွာသားများသည် သာသနာ့ကိစ္စအတွက် ဆောင်ရွက်ကြပြန်ချေသည်။ ထိုရွာ၏ အနီးတွင် ရှိသည့် ခွဲခြမ်းတောင်ပေါ် ကျောင်းသို့ လူရွယ်လူလတ်တို့ရောက်လာကြကာ ယောကျ်ားများက ကျောင်းဝင်းအတွင်းတွင် ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းကြသည်။ မိန်းကလေးများက ကျောင်းနှင့်ဘုရားတန်ဆောင်းကြမ်းပြင်များကို ရေဆေးကြသည်။ သူတို့သည် ပေါ့ပေါ့ဆဆ မလုပ်၊ ကြိုးကြိုးစားစား သပ်သပ်ရပ်ရပ် လုပ်ကြ၏။

တော်သလင်းလဆန်း ၁၄ ရက်နေ့ ညတွင်ကား ခွဲခြမ်းမွေတော်ဘုရားတန်ဆောင်းအတွင်းတွင်၎င်း၊ ခွဲခြမ်း ဘုန်းတော်ကြီးကျောင်းပေါ် တွင်၎င်း လျှပ်စစ်မာတ်မီးတွေ ထိန်ထိန်ဝေ၍နေ၏။

ရှမ်းပြည်နေ အမျိုးသားတို့၏ သာသနာ့ကိစ္စဆောင်ရွက်ကြပုံများမှာ ထူးခြားလှလျက် အတုယူဖွယ် ချီးကျူးဖွယ်ကောင်းပေသည်။

ခွဲခြမ်းဘုန်းတော်ကြီးကျောင်းမှာ ရှမ်းပြည်ရှိ အခြားကျောင်းများနည်းတူပင် ကျောင်းတိုင်ပေါင်း တစ်ရာကျော် ရှိ၏။ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ ကျယ်ဝန်းလှသောကျောင်းကြီးတည်း။ ကျောင်းတိုင်များကို မှန်စီရွှေချထားသဖြင့် ရွှေရောင်၊ မှန်ရောင် တပြောင်ပြောင် တဖိတ်ဖိတ် တောက်ပနေ၏။

ဘုရားဆောင်ကြီးမှာလည်း အံ့မခန်းကြီးကျယ်လှသည်။ ရပ်တော်မူ၊ ထိုင်တော်မူ၊ လျောင်းတော်မူကြေးဆင်းတု၊ ကျောက်ဆင်းတု၊ သစ်သားဆင်းတုတို့ ပြည့်ညပ်လျက်ရှိ၏။ ပုဂံခေတ် အင်းဝခေတ်လောက်က ထုလုပ်ထားဟန်တူသော ရုပ်တုတော်များလည်း ပါသည်။ ယနေ့ခေတ် ပုံတော်များလည်း ရှိ၏။

ရုပ်တုတော်မြတ်များ သီတင်းသုံးရာ ပလ္လင်၊ တကဲ၊ ကျောင်းဆောင်တို့ကို မှန်စီရွှေချထားရကား တဖိတ်ဖိတ်တောက်ပနေသည်။

ဘုရားဆောင်ကြီး၏ နောက်ကျောဘက်တွင် တောင်းများ၊ အိုးများ စီတန်းချထား၏။ ဆန်၊ ဆီ၊ ဆား၊ လဖက်ခြောက် စသည်ဖြင့် စာတမ်းများလည်း ရေးထိုးထားသည်။

သီတင်းကျွတ်လပြည့်နေ့ နံနက်မိုးလင်းသည်နှင့်တပြိုင်နက် ကုန်းခြံအထက်ရွာ၊ ကုန်းခြံအောက်ရွာ၊ အလယ်မြောင်းရွာ၊ ဤသုံးရွာမှ ကြီး, ငယ်, ရွယ်, လတ် အမျိုးသား အမျိုးသမီးတို့သည် ဝတ်ကောင်းစားလှများ ဝတ်ဆင်ကြကာ ခွဲခြမ်းဆရာတော်ကျောင်းသို့ လာကြလေသည်။

သူတို့၏ လက်တွင် ဆွမ်းတော်တင်ရန် မုံ့ပွဲများလည်း ပါကြ၏။ ဆရာတော်အား လှူရန် ဆန်, ဆီ, ဆား အစ ဖယောင်းတိုင်, မီးခြစ်, ဆေးလိပ်အလယ်၊ ငှက်ပျောသီး၊ ဆန်လုံးစီမုံ့, မုံ့နီအဆုံး လှူဖွယ်ဒါန်းရာ စုံလင်စွာ ပါကြသည်။ အချို့တွင် သင်ဖြူးလိပ်များ ပါ၏။ ဇရပ်ပေါ် တန်ဆောင်းပေါ် တွင် ခင်း၍ ထိုင်ရန် ဖြစ်သည်။ အချို့အဖိုးအိုများတွင် အိပ်ရာလိပ်ပင် ပါကြ၏။ ညအချိန်တွင် အိမ်သို့မပြန်တော့ပဲ ကျောင်းမှာတွင် အိပ်ကြရန် ဖြစ်သည်။

ပရိသတ်ကား တဖြည်းဖြည်း တိုး၍ တိုး၍ လာလေရာ ကျယ်ဝန်းလှသောကျောင်းကြီး ပြည့်ကြပ်နေ၏။

အင်းသားတို့၏ ရုပ်ဆင်းသဏ္ဌာန်မှာ အထက်ဗမာပြည်မှ အညာသူအညာသားတို့နှင့် တူလှသည်။ ကြိုးကြိုးစားစား ရှာဖွေကာ ချွေတာသုံးစွဲ စုဆောင်းတတ်ပုံမှာလည်း အညာသူအညာသားတို့နှင့်တူသည်ပင်တည်း။

နံနက် ၉ နာရီတွင် ဆရာတော်ကြီး သီလပေးရန် တရားပလ္လင်ထက်သို့ ရောက်လာ၏။ သီလယူသူများက

ebook is created by www.ShanYoma.Org

ကန်တော့ရှိုးကို သံပြိုင်ရွတ်ဆိုကြသည်။

"ဩကာသ၊ ဩကာသ၊ ဩကာသ၊ ကာယဝစီ၊ မနောချီလျက်၊ သုံးလီစေတနာ၊ သုံးဖြာဒွါရ၊ ပဏာမဖြင့်၊ ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ၊ ရတနာမြတ်သုံးပါး၊ ဆရာသမားတို့အား၊ ဘုရားတပည့်တော်၊ ရှိသေမြတ်နိုး၊ လက်စုံမိုး၍၊ ရှိခိုးပူဇော်၊ ဖူးမျှော်မာန်လျှော့၊ ကန်တော့ပါ၏ အရှင်ဘုရား"

သူတို့၏ ကန်တော့ရှိုးကား အများကျက်မှတ် ရွတ်ဆို၍ လွယ်ကူစေရန် တိုတိုတုတ်တုတ် စီမံထားခြင်းဖြစ်သည်။

သီလယူသူများ ကန်တော့ကြပြီးလျှင် ဆရာတော်ဘုရားကြီးက ငါးပါးသီလကို အရင်ပေး၏။ တစ်ဖန် ရှစ်ပါးသီလ ပေးပြန်သည်။ နှစ်သက်ရာသီလကို စောင့်ထိန်းရန် ဖြစ်သည်။ ထို့နောက် တရားဓမ္မဟောကြားတော်မူသည်။တရားနာပရိသတ်ကား တုတ်တုတ်မျှ မလှုပ်၊ ငြိမ်သက်တိတ်ဆိတ်လှ၏။ အပ်ကျသံကိုပင် ကြားလောက်၏။

အင်းသားတို့သည် စကားပြောရာတွင် မြန်မာတို့နှင့်အသံထွက်ပုံနှင့်လေယူလေသိမ်း ကွဲပြား၏။ သို့သော် ကန်တော့ရှိုးရွတ်ရာ၊ သီလပေးသီလယူရာ၊ တရားဟောရာတွင်ကား မြန်မာတို့၏ သံနေသံထားအတိုင်းပင်ဖြစ်သည်။ ကျောင်းလုံးပြည့် ပရိသတ်ကြီးကား တရားနာမြဲနာနေကြ၏။

သီတင်းကျွတ်လပြည့်နေ့တွင် ဤခွဲခြမ်းကျောင်းသာလျှင်မက ရှမ်းပြည်တဝှန်းလုံးရှိ ဆရာတော်ဘုရားတို့၏ ကျောင်းတိုင်းကျောင်းတိုင်းတွင် လှူကြ၊ ဒါန်းကြ၊ သီလယူကြ၊ တရားနာကြဖြင့် သိုက်မြိုက်စည်ကားလှမည်ဖြစ်၏။

"အင်းလေး ဝါကျွတ်"အမည်ဖြင့် ကဗျာဆရာမောင်ရွှေနွယ်(အင်းလေး)က ဤသို့ဖွဲ့သည်။

ကြာငါးမည် ဆင်းရန့်
'အင်း'အန့်လှိုင်စွာ။
ဆီမီးရောင် ထိန်ထိန်လျှမ်းတယ်
ဆန်းလှ စုံဖြာ။
ဘုန်းတေဇော် လျှံကွန့်မြူးတဲ့
ဖောင်တော်ဦး မြတ်ဗုဒ္ဓါ
ဒေသစာ ကြွမြန်း။
စဥ်ဓလေ့ပေမို့
ရှင်မွေ့ သဒ္ဓါကြည်၍
'ဆန်လုံးစီ' 'မုံ့နီ'ထပ်ပါလို့
ဒို့အရပ် 'လှူဝတ်ပွဲ'ရယ်နဲ့
သူသူငါ ကုသိုလ်ခဲကြတယ်
မြဲ နိဗ္ဗူနန်း။ ။

ရန်အောင်

မှတ်ချက်။ ။၁၉၇၀-ခုနှစ်၊ ဩဂုတ်လထုတ် သွေးသောက်မဂ္ဂဇင်း၊ စာမျက်နှာ(၃၄ မှ ၃၉ ထိ)လာသောဆောင်းပါးကို ပြန်လည်၍ စာစီရိုက်ထားပါသည်။

ebook is created by www.ShanYoma.Org